# PROVEN GROUP OF COMPANIES NEWSLETTER








## HIGHLIGHTS

- Level up! Empower. Execute. Excel. @2025 Event ကျင်းပခြင်း၊
- Level up! Empower. Execute. Excel. @2025 Event မတိုင်မီ Dr. Aung Tun Thet နှင့် တွေ့ဆုံခြင်း၊
- 4/2025 Proven Group ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးကျင်းပခြင်း၊
- (၃)ပတ်တက်ကြိမ်ပြုလုပ်သည့် Proven Distribution Co., Ltd. ၏ ဝန်ထမ်းစုအစည်းအဝေးပြုလုပ်ခြင်း၊
- Proven International Co., Ltd. ၏ ပထမအကြိမ် ဝန်ထမ်းထုအစည်းအဝေးပြုလုပ်ခြင်း၊
- Management Level နှင့် Supervisory Level တို့အတွက် Factory Tour @2025 ပြုလုပ်ခြင်း၊
- Yangon Metal Industry တွင် Futsal အားကစားပြိုင်ပွဲကျင်းပပြုလုပ်ခြင်း၊
- Career Fair များတွင် ပူးပေါင်းပါဝင်ခဲ့ခြင်း၊
- စုပေါင်းပဒေသာပင်ပို့ဆောင်ပွဲကျင်းပခြင်း၊
- MORS နှင့် MAMDA တို့ ပူးပေါင်းကျင်းပသည့် Road Safety Day@2025 နှင့် Myanmar Car Expo 2025 တွင် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့အနေဖြင့် ပူးပေါင်းပါဝင်ခဲ့ခြင်း၊
- မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတွင် လှူဒါန်းမှုပြုလုပ်ခြင်း၊
- နေပြည်တော်ရှိ လူမှုအကျိုးပြုအသင်းများသို့ လှူဒါန်းခြင်း၊





# LEVEL UP! EMPOWER. EXECUTE. EXCEL. @2025 EVENT ကျင်းပခြင်း၊







PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီအသီးသီးမှ MANAGEMENT LEVEL များအား စုစည်း၍ အချင်းချင်းရင်းနှီးမှုရရှိစေရန်၊ အသိအမြင်ဗဟုသုတများမျှဝေနိုင်စေရန်၊ ပိုမိုတိုးတက်ကောင်းမွန်သည့် လုပ်ငန်းခွင်တစ်ခုဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် MANAGEMENT RETREAT ကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး နှစ်စဉ်မတူညီသည့် ရည်ရွယ်ချက် မတူညီသည့်ခေါင်းစဉ်များဖြင့် ကျင်းပပြုလုပ်မြဲဖြစ်ရာ ယခုနှစ်မှာဆိုလျှင် “LEVEL UP! EMPOWER. EXECUTE. EXCEL. @2025” ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစီအစဉ်တွင် MANAGEMENT LEVEL ခေါင်းဆောင်များအနေဖြင့် လက်ရှိ မိမိရှိနေသည့် LEVEL မှ နောက်ထပ်တစ်ဆင့်မြင့် LEVEL တစ်ခု MINDSET တစ်ခုရရှိစေရန် ရည်ရွယ်၍ သင်ကြားမှုများနှင့် TEAM BUILDING ဆိုင်ရာ LEARNING SECESSION များအပါအဝင် TEAMWORK GAME အစီအစဉ်များဖြင့် 22ND & 23RD NOVEMBER 2025 တို့တွင် (၂)ရက်တိုင်တိုင် WYNDHAM GRAND HOTEL (YANGON) တွင် ပြုလုပ်ခဲ့ပါသည်။ အတူပူးပေါင်းပါဝင်ပေးကြသည့် အဘက်ဘက်မှ တာဝန်ရှိသူများနှင့် PROVEN GROUP OF COMPANIES မှ မိသားစုဝင်လုပ်ဖော်ကိုင်ဖက်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။




















## Level up! Empower. Execute. Excel. @2025 Event မတိုင်မီ Dr. Aung Tun Thet နှင့် တွေ့ဆုံခြင်း၊



Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများမှ Executive Director များသည် ဆရာကြီး ဒေါက်တာအောင်ထွန်းသက်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့တွင်တွေ့ဆုံခဲ့ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Management Retreat အတွက် ရွေးချယ်ထားသည့် "Level up! Empower. Execute. Excel. @2025" ခေါင်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည့်အပြင် Proven Group အနေဖြင့် နောင်လာမည့် (၅)နှစ်တာကာလအတွင်း ရေးဆွဲထားသင့်သည့် Roadmap Plan များအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## Proven Group of Companies Ltd. ၏ (၄)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပခြင်း



Proven Group of Companies Ltd. သည် (၃)လပတ်တစ်ကြိမ်ပြုလုပ်သော (၄)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးကို ၂၅.၁၀.၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် Proven Group ၏ နောင်လာမည့်အနာဂတ်အတွက် Succession Planning များထားရှိရန်ကိစ္စများ၊ Audit & Risk Management Committee အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဒါရိုက်တာအဖွဲ့သို့တင်ပြချက်များ၊ Budgetary Control စနစ်များအကြောင်းနှင့် ကုမ္ပဏီများတွင် Paid up Capital တိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ စသည်ဖြင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပါသည်။

## Proven Distribution Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့တွင် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Distribution Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေး (Durbar)ကို Proven Group of Companies ၏ ဒုတိယထပ်တွင် ကျင်းပခဲ့ပြီး ဌာနအသီးသီးမှ ဝန်ထမ်းများအပြင် နယ်ရုံးခွဲမှ ဝန်ထမ်းများသည်လည်း Online ဖြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ISO Standard နှင့်အညီ ဌာနအလိုက် Objectives များ Achieved ဖြစ်/မဖြစ် Presentation များဖြင့် တင်ပြခဲ့ကြခဲ့ကြပြီး Presentation အကောင်းဆုံးဆုချီးမြှင့်ခြင်းအစီအစဉ်များအပြင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတွင်းသိရှိလိုသည်များနှင့် ဆွေးနွေးလိုသည်များကို ပွင့်ပွင့်လင်းလင်း အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့ကြပါသည်။



## Proven International Co., Ltd. ၏ ပထမအကြိမ် ဝန်ထမ်းထုအစည်းအဝေး ကျင်းပပြုလုပ်ခြင်း၊



၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven International Co., Ltd. ၏ ပထမအကြိမ်ကျင်းပပြုလုပ်သည့် ဝန်ထမ်းထုအစည်းအဝေး (Durbar)ကို Proven International Co., Ltd. ၏ ရန်ကုန်ရုံးချုပ်တွင် ကျင်းပခဲ့ပြီး ဌာနအသီးသီးမှ ဝန်ထမ်းများအပြင် နယ်ရုံးခွဲမှ ဝန်ထမ်းများသည်လည်း Online ဖြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ISO Standard နှင့်အညီ ဌာနအလိုက် Objectives များ Achieved ဖြစ်/မဖြစ် Presentation များဖြင့် တင်ပြခဲ့ကြပါသည်။

## Management Level နှင့် Supervisory Level တို့အတွက် Factory Tour @2025 ပြုလုပ်ခြင်း၊







Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများဖြစ်ကြသည့် Proven Technology Industry Co., Ltd. ၊ Proven Distribution Co., Ltd.၊ Proven Polyworld Co., Ltd. နှင့် Yangon Metal Industry Co., Ltd. တို့မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် Management Level များကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် Supervisor Level များကိုလည်းကောင်း ဝန်ထမ်းများ အချင်းချင်းချင်းရင်းနှီးမှုရရှိစေရန်နှင့် တစ်ဦးနှင့်တစ်ဦး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မတူညီသည့်အလုပ်နေရာများတွင် မတူညီသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း တစ်ဦးနှင့် တစ်ဦး အထောက်အပံ့ပေးလျက်ရှိသည်ကို သိရှိနားလည်နိုင်ကြစေရန် ရည်ရွယ်၍ Factory Tour @2025 တို့ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ Factory Tour တွင် TOYO & Lion Battery များထုတ်လုပ်သည့် Proven Technology Industry Co., Ltd. ၊ ဘတ္တရီအိုးခွံများ၊ Container များကို ထုတ်လုပ်ပေးလျက်ရှိသည့် Proven Polyworld Co., Ltd. နှင့် စွန့်ပစ်ဘတ္တရီအိုးဟောင်းများမှ ခဲသတ္တုအရည်ကျိုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် Yangon Metal Industry Co., Ltd. တို့၏ စက်ရုံများသို့ လည်ပတ်ခဲ့ကြပါသည်။ Factory Tour @2025 တွင် Presentation များဖြင့်ရှင်းလင်းပြောကြားပေးကြသော စက်ရုံမှူးများ၊ Production Process များကို လိုက်လံ ရှင်းလင်းပေးပါသော Production Manager များနှင့်တကွ လိုက်ပါခဲ့ကြသည့် Proven မိသားစုဝင်များအပြင် လမ်းညွှန်ပံ့ပိုးပေးပါသော အကြီးအကဲများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။






# Yangon Metal Industry တွင် Futsal အားကစားပြိုင်ပွဲကျင်းပပြုလုပ်ခြင်း









Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd. သည် ဝန်ထမ်းများ၏ ကျန်းမာရေးလှုပ်ရှားမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်ပိုမိုရရှိနိုင်စေရန် ရည်ရွယ်၍ Futsal Championship @2025 ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့မှ (၁၅) ရက်နေ့အထိ (၅) ရက်ပြုလုပ်ခဲ့ပါသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော Yangon Metal Industry Co., Ltd. မိသားစုဝင်များအနက်မှ ဆုရရှိခဲ့ကြသည့် အသင်းများကို ဆုများချီးမြှင့်ခဲ့ကြပြီး ပျော်ရွှင်အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါသည်။








# MIoD Year-End Member Networking Event တွင် ပါဝင်ခဲ့ခြင်း





Proven Group of Companies Ltd. ၏ CEO နှင့် အမှုဆောင်ဒါရိုက်တာများသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်၊ (ဗုဒ္ဓဟူးနေ့)တွင် Governor's Residence ၌ ကျင်းပသည့် MIoD Year-End Member Networking Event သို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် ကဏ္ဍအသီးသီးမှ အကြီးတန်းခေါင်းဆောင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး MIoD Member များနှင့် Network ရရှိရန် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အမြင်များကို နှီးနှောဖလှယ်ဆွေးနွေးရန်နှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် စီးပွားရေးအခြေအနေများအကြောင်း ဆွေးနွေးကာ အခွင့်အလမ်းများကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ ထို့အပြင် MIoD အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကိုတွေ့မြင်ခဲ့ရပြီး MIoD ၏ တစ်နှစ်တာ အောင်မြင်မှုများကိုလည်း အမှတ်ရစေခဲ့ပါသည်။

# JOB FAIRS & CAREER FAIRS
## RECRUITMENT





(၂၆.၈.၂၀၂၅) နေ့ တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ကျင်းပခဲ့သော CAREER FAIR 2025 ကိုပါဝင်ခဲ့ပြီး (၁၇.၁၂.၂၀၂၅) နေ့မှ (၁၈.၁၂.၂၀၂၅) ရက်နေ့အထိကျင်းပခဲ့သော ရန်ကုန်စီးပွားရေးတက္ကသိုလ်ရွာသာကြီးနယ်မြေ၏ (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ် CAREER FAIR 2025 တွင်လည်း Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီတို့မှ Gold Partner အဖြစ် ပါဝင်ခဲ့ပါသည်။ CAREER FAIRS များတွင်  Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများ၏ Internship Program 2025 နှင့်ပက်သက်၍ စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသားများအား HR Department မှ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး စိတ်ပါဝင်စားကြသည့် ကျောင်းသူ၊ ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထို့အပြင် (၂၂.၁၁.၂၀၂၅) ရက်နေ့မှ (၂၃.၁၁.၂၀၂၅) ရက်နေ့အထိ Time City တွင်ကျင်းပခဲ့သော JOB FAIRS 2025 တွင်လည်း Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ ပူးပေါင်းပါဝင်ခဲ့ပါသည်။






## စုပေါင်းပဒေသာပင် ပို့ဆောင်ပွဲကျင်းပခြင်း





Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd ၊ Proven Distribution Co., Ltd ၊ Proven Polyworld Co., Ltd၊ Proven International Co., Ltd တို့၏ စုပေါင်းပဒေသာပင်ပို့ဆောင်ပွဲကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက် ( သောကြာနေ့) နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ (၂၄)ရပ်ကွက် (ဇီးကုန်းကျေးရွာအုပ်စု)အတွင်းတည်ရှိသော ရွှေမြို့ဝင်ဇီးကုန်းကျောင်းတိုက်၌ ဝါတွင်းသုံးလကာလပတ်လုံး ဝါကျိုး၊ ဝါပျက်မရှိဘဲ သီတင်းသုံးတော်မူသော သံဃာတော်များအား ကထိန်လျာသင်္ကန်း၊ ငွေပဒေသာပင်နှင့်  လှူဖွယ်ပစ္စည်းများရေစက်သွန်းချလှူဒါန်းခဲ့ပါသည်။ ကြွရောက်ပေးကြပါသော Customer များ၊ Supplier များ၊ Proven Group ၏ ဒါရိုက်တာအဖွဲ့ဝင်လူကြီးမင်းများနှင့် ညီနောင်ကုမ္ပဏီမှ ဝန်ထမ်းညီအစ်ကိုမောင်နှမများ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါသည်။

**15th, 16th, 17th & 18th November 2025**

# ROAD SAFETY DAY@2025 နှင့် MYANMAR CAR EXPO 2025









မြန်မာနိုင်ငံမော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (MYACSAA) အနေဖြင့် ပထမဦးဆုံးအကြိမ် ယာဉ်လမ်း အန္တရာယ်ကင်းရှင်းရေး ဘက်စုံအထောက်အကူပြုအဖွဲ့ (MORS) နှင့် မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရေးလုပ်ငန်းရှင်များ အသင်း (MAMDA) တို့နှင့်အတူ ပူးပေါင်း၍ ကျင်းပပြုလုပ်သော "Myanmar Cars And Spare Parts Expo 2025" ပြပွဲကြီးတွင် Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့အနေဖြင့် ပူးပေါင်းပါဝင်ကာ မိမိတို့၏ ထုတ်ကုန်များ ဖြစ်သည့် Toyo and Lion အမှတ်တံဆိပ်ဘတ္တရီအိုးများနှင့် တရားတင်တင်သွင်းခွင့်ရရှိထားသည့် အမှတ်တံဆိပ်များဖြစ်သည့် States, 3M နှင့် AISIN ကဲ့သို့သော အင်ဂျင်ဝိုင်နှင့် စက်ဆီချောဆီပစ္စည်းများကို ဝင်ရောက်ပြသခဲ့ပါသည်။











## မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းအတွက် လှူဒါန်းမှုပြုလုပ်ခြင်း





မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ၂၀၂၆-၂၀၂၈ သက်တမ်း ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် များနှင့် စက်မှုဇုန်ကိုယ်စားလှယ်များမိတ်ဆုံညစာစားပွဲကို ၂၁.၁၂.၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး Proven Group of Companies Ltd. အနေဖြင့် စက်မှုလက်မှုကဏ္ဍတိုးတက်ရေးကို တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီသောအားဖြင့် အလှူ ငွေလှူဒါန်းခြင်းကို ပြုလုပ်ခဲ့ပါသည်။

# နေပြည်တော်ရှိ လူမှုအကျိုးပြု အသင်းများသို့ လှူဒါန်းခြင်း







Proven Group of Companies Limited နှင့် ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Distribution Co., Ltd. နှင့် Proven International Co., Ltd. တို့ပူးပေါင်း၍ နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ လူမှုအကျိုးပြုအသင်းအဖွဲ့များဖြစ်ကြသော ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအကျိုးဆောင် လူငယ်များအသင်း၊ ဒွိလယ်ဝေးပရဟိတအသင်းနှင့် မိုးစေတနာ ပရဟိတအသင်းတို့အား လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်နေသော မော်တော်ယာဉ်များအတွက် လိုအပ်သော၊ မိမိတို့ Company မှ လက်ရှိထုတ်လုပ်ဖြန့်ချီရောင်းချလျှက်ရှိသည့် TOYO Battery၊ STATES အင်ဂျင်ဝိုင်နှင့် စက်ဆီချောဆီများ စုစုပေါင်းတန်ဖိုးငွေကျပ် (၄၇)သိန်းနှင့်ညီမျှသောပစ္စည်းများအား ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို (၂၄ ရက်နေ့ အောက်တိုဘာလ၊ ၂၀၂၅) ရက် (သောကြာနေ့) တွင် ထေရဝါဒဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအကျိုးဆောင် လူငယ်များအသင်း၏ ရုံးတည်နေရာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.
(Post Code -11041)
Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667

(+95)9 880876920 www.proven.com.mm info@proven.com.mm